ဒါကြောင့်လူဟာ ပိုင်ရှင်မှန်သခင်မှန်ဆီကိုမရောက်နိုင်ဘဲ မာရ်နတ်အစီအစဉ်ထဲမှာ ထောင်ချောက်မိနေကြပါတယ်။ ဘုရားနဲ့ ကွာဝေးအဆက်ပြတ်နေတယ်။

### ဘုရားထံသို့ဘုရားအစီအစဉ်နှင့်သာ

ဟုတ်ပါတယ် ဘုရားထံကိုဘုရားရဲ့စီစဉ်မှုနဲ့ဘဲ ပြန်လည်ရောက်ရှိနိုင်ပါလိမ့်မယ်။ ဘုရားအစီအစဉ်အရ ကယ်တင်သောသခင်ဟာ လူ့အမည်ယေရှုကိုရယူပြီး ကြွဆင်းလာခဲ့တယ်။ အမှုကိစ အကုန်အစင်ပြုတော်မူခဲ့တယ်။ သူဟာ ယခုအခါနာမ်ဝိညာဉ်အားဖြင့် ကျွန်ုပ်ကိုဒီစာရေးစေတယ်။ လူပေါင်းများစွာကိုသူသုံးပြီး သူရှိနေကြောင်းပြသတယ်။ လူအချို့ဟာမျက်ဝါးထင်ထင်မြင်ရတယ်။

အရှင်ကအပါယ်တံခါးပိတ်ပြီး ကောင်းကင်တံခါးဖွင့်ပြီးပြီ၊ သူလုပ်ဆောင်ပေးသမျှကိုယုံပါ။ အရှင်ဟာအလင်းရှင်ဖြစ်တယ်။ သန့်ရှင်းခြင်းရှိတယ်။ မုသာကင်းသူဖြစ်တယ်။ လောကမှာနေစဉ်တရားလမ်းအတိုင်း အသက်ရှင်နိုင်ဖို့အရှင့်ဘုန်းတော်ဟာ သင့်အပေါ်ကနေ ကူညီမစလမ်းပြနိုင်တယ်။ သေပြီးတဖက်ကမ်းမှာလဲ အရှင်ကသာ ထာဝရကောင်းကင်ဘုံနန်းကို လက်တွဲခေါ်ယူသွားနိုင်တယ်၊ ဒါဟာယုံတမ်းမဟုတ်ပါဘူး၊ ''သမ္မာကျမ်း'' ကဒီအရာကိုဖော်ထုတ်တယ်၊ တိကျစွာရှင်းပြတယ်၊ ဒါပေမဲ့လူ့ဉာဏ်နဲ့ ဖတ်နေရင်နားမလည်နိုင်ဘူး။ အရှင့်ဝိညာဉ်ကိုပင့်ဖိတ်ပြီးဖတ်မှပွင့်တယ်၊ သိလိုရင်ဖတ်ပါ၊ မဖတ်သူကမသိဘူး၊ ယခုအခါအကြံပြုလိုတာက သင့်ရပိုင်ခွင့်ကို အရယူလိုက်ပါတော့။ ''အရှင်ဟာတကယ်ရှိကြောင်းယုံဖို့ ကူမပါ၊ ယခုရေးသားချက်ကိုလဲရှင်းပြပါ၊ အရှင်ယေရှုဟာ တကယ်ဘဲ အပါယ်တံခါးပိတ် ဒုက္ခစရိယာကျင့်စဉ်ကိုကျွန်ုပ်အတွက်ကျင့်ပေးခဲ့ကြောင်း လက်ခံလိုပါတယ်။ ကျွန်ုပ်ဟာအရှင့်ဝိညာဉ်ရဲ့မစကူညီမှုကို ခေါ်ဖိတ်ပါတယ်။ ကျွန်ုပ်ရဲ့ဉာဏ်မျက်စိကို ဖွင့်တော်မူပါ အရှင်ယေရှု'' ယခုဆုတောင်းချက်ပြည့်စုံပါစေလို့လဲ အရှင်ယေရှုနာမဖြင့် အဓိဋ္ဌာန်ပြုပါ၏ ဆိုပြီးနှုတ်မြွက်ကြည့်ပါမိတ်ဆွေ။

### ရွေးပါ

မသေခင်ရွေးချယ်ခွင့်ဟာ သေပြီးရင်အရာမရောက်တော့ပါဘူး။ သေခြင်းဆိုတာကလဲ 'ကွေးသောလက်မဆန့်မှီနဲ့ ဆန့်သောလက်မကွေးမှီ' မှာရောက်လာတတ်တာကိုမေ့မထားပါနဲ့ဦး။

July 30, 2005

တရားဓမ္မဆိုတာကကျင့်နိုင်သူအတွက် မြေကမ္ဘာမှာနေထိုင်စဉ်အကျိုးရနိုင်ပါတယ်။ သေခြင်းရဲ့တဖက်အထိတော့ အကျိုးမပြုနိုင်ပါဘူး။

အရှင်ယေရှုရဲ့ဝိညာဉ်ကသာ မြေကမ္ဘာမှာ တရားအလင်းထဲသန့်ရှင်းစွာကျင့်ကြံနေထိုင်ဖို့ကူညီမယ်။ သေပြီးရင်လဲစိတ်ချရတဲ့ဒေသကို ပို့ဆောင်နိုင်တယ်။ အရှင့်ကိုမသိသူတွေကတော့ အခွင့်အရေးတွေကို လက်လွတ်မိတတ်တယ်။ မိတ်ဆွေလဲဒီအရာကိုသိပါနော။

– *စန်းစန်းမြင့်* –

ဖော်ပြပါအကြောင်းအရာများနှင့်ပတ်သက်၍ ပိုမို၍အသေးစိတ်သိရှိ ဆွေးနွေးလိုပါက အောက်ပါဖုန်းနံပါတ်နှင့်လိပ်စာအတိုင်း ဆက်သွယ်ဆွေးနွေး မေးမြန်းနိုင်ပါသည်

**ဆရာမဒေါ်စန်းစန်းမြင့်**
1078 Carlton PL.# 2A,
Frederic, MD 21703
Tel: (301) 668-9947

ကရာနီမြန်မာအသင်းတော်
ဝါရှင်တန် ဒီ၊စီ။
ဧဝံဂေလိနှင့်သာသနာပြုဌာန၏

AROMA

အစီအစဉ်ဖြင့်ထုတ်ဝေသည်။



# ခရီးဆုံး၏လမ်းနှစ်သွယ်သို့

**ဘဝဆိုတဲ့ခရီးရဲ့အဆုံးမှာလမ်းနှစ်သွယ်သာရှိတယ်**
**မိတ်ဆွေလိုက်နေတဲ့လမ်းကဘယ်လမ်းလဲဆိုတာ**
**မိတ်ဆွေအသေအချာသိပါသလား?**



## လူ့ဘဝ

လူ့အသက်တာဟာ မွေးခြင်းနှင့်သေခြင်းရဲ့ကြားကာလတစ်ခုမျှပါဘဲ။ သည့်အရာကိုအသက်အရွယ်မရွေးကြုံရမှာဖြစ်လို့ "အသီးတဝင်းဝင်း၊ အကင်းတဖြိုက်ဖြိုက်" ဆိုတဲ့စကားရှိနေသလို၊ "ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက်မကွေးခင်" မှာ သေခြင်းဟာ ရောက်လာတတ်တယ်လို့လဲဆိုပါတယ်။

စားဝတ်နေရေးအတွက် ရုန်းကန်နေကြသူတွေနဲ့ ချမ်းသာကောင်းစားနေသူအပါအဝင် တရားရှင်ပုဂ္ဂိုလ်တွေအားလုံးဒီအရာတွေအားလုံးရင်ဆိုင်ရမှာပါဘဲ။

သေခြင်းအတွက် ကြိုတင်ပြင်ဆင်သူနှင့် လုံးဝမစဉ်းစားရဲသူအားလုံးဟာလဲ ဒီအရာကို ရင်ဆိုင်ရမှာပါ။

## ဘာသာတရား

မြေပေါ်မှာနေစဉ်ခဏမှာလိုက်နာကျင့်ကြံဖို့နဲ့ ကောင်းစားကျန်းမာဖို့အတွက် ရှိနေရတဲ့ အရာဖြစ်ပါတယ်။ တရားရှိသူတွေကတရားအကျိုးခံစားရတယ်။ အဓမ္မလူတွေကတရားမဲ့ခြင်း အပြစ်တွေကို ကေန်ခံစားရပါတယ်။ လုပ်ဆောင်သမျှခံစားရခြင်းပေါ့။

ဒီတရားဓမ္မတွေထဲမှ လျှို့ဝှက်နက်နဲလွန်း လို့လူတွေမမြင်မိကြတဲ့အရာ တစ်ခုရှိနေပါတယ်။ "ဒါကတော့ တမလွန်ဘဝအတွက်ကေန် ရွေးနှုတ်ကယ်မသူ ရှိနေတယ်ဆိုတာပါဘဲ" ဒီပုဂ္ဂိုလ်အကြောင်းကို ကမ္ဘာ့ဘာသာကြီး ၄ ခုထဲမှာ တကယ်ဖော်ပြထားပါတယ်။ တင်ပြပုံအထွေထွေရှိနေသလို လူတွေရဲ့အဓိပါယ်ဖော်ထုတ်မှု အဖုံဖုံကြောင့် အတွေးအခေါ်အယူအဆတွေကွဲပြားနေခဲ့ပါတယ်။

## ကျင့်စဉ်

ဒီအတွက်လူတွေဟာ တမလွန်အတွက်ကျင့်စဉ်တွေဖော်ထုတ်လာကြပါတယ်။ ဘာလို့လဲဆိုရင် တမလွန်မှာ အပါယ်ငရဲရှိနေကြောင်း ကေန်သိကြလို့ဖြစ်ပါတယ်။ ဒါကြောင့် "အပါယ်တံခါးပိတ်" ကျင့်စဉ်များကိုယုံကြည်စွဲလန်းရာ ကျင့်ကြံနေကြပါတယ်။

လူဟာလူပါဘဲ၊ မစုံလင်ပါဘူး။ အပါယ်ဆိုတဲ့ကြောက်မက်ဖွယ် ထာဝရဒုက္ခဆင်းရဲခံရာ ဒေသမှလွတ်ဖို့ကျင့်နိုင်စွမ်းတော့လုံးဝမရှိပါဘူး။ စိတ်ပြေလက်ပျောက်ကျင့်နေသလိုသာ ဖြစ်လိမ့်မယ်။ ဘာလို့လဲဆိုရင် "ကုသိုလ်တစ်ပဲ ငရဲ တစ်ပိ ၁" ဆိုတဲ့ဆိုစကားနဲ့တင်ရှင်းနေပါပြီတရားကျင့်နေစဉ်မှာဘဲ မတရားမှုတွေကြုံကြရတယ်။

## ကုသိုလ်ဒါန

ဒါကြောင့်ကုသိုလ်တွေက မြင့်မိုရ်တောင် ကိုအပ်နဲ့ဖြိုသလိုသာဖြစ်နေပါလိမ့်မယ်။ ကုသိုလ်ပြုခြင်းဟာစေတနာမှန်ရင် ခွေးသတ ဝါကိုတစ်နပ်စာစွန့်ကြဲခြင်းအကျိုးတောင် ကေန်ခံစားရပါလိမ့်မယ်။ ဒါပေမဲ့ငရဲကလွတ်အောင်တော့ စွမ်းဆောင်နိုင်မှာမဟုတ်ပါဘူး၊ လူဟာလူပါဘဲ၊ လူဆိုတာကကောင်းရာကိုပြုဖို့ကြံစည်ကြိုးစားနေရင်းနဲ့ မကောင်းရာအတွေးတွေကိုစဉ်းစားပြီးဖြစ်နေလိမ့်မယ်။

ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ပြစ်မှားကျူးလွန်မှုမှာ နေ့တဓူဝငြင်းပယ်မရနိုင်တဲ့ကိစ ဖြစ်တယ်။ မွေးစကဘဲ သွေးသားသန္ဓေကနေ အပြစ်အညစ်တွေပါခဲ့တာဖြစ်လို့ ကောင်းရာကောင်းကျိုး ကျင့်လို့မရတာမဆန်းပါဘူး။ ဒါဆိုရင် တရားမကျင့်ရတော့ဘူးလားလို့မေးမယ်? အဲဒီလိုမပြောပါဘူး။

## အကူအညီ

ဒါကြောင့်လူဟာကူညီအားကိုးထိုက်သူ မှီခိုထိုက်သူကိုအစဉ်ရှာဖွေနေပါတယ်။ လူရဲ့အာရုံကအမှီသဟဲပြုအပ်ရာကိုအစဉ်မျှော်လင့်နေပါတယ်။

လူဟာရုပ်နဲ့နာမ်ဝိညာဉ်ပေါင်းစပ်ခံ ပုဂ္ဂိုလ်ဖြစ်တယ်။ နာမ်ဝိညာဉ်မရှိရင် လူဟာအမည်သတ်မှတ်ခွင့်မရှိတော့ဘူး။ "အသုဘ" လို့သာသမုတ်ခံရမှာပါ။ မြေရဲ့ဓါတုပစ ည်းနဲ့ လူ့ခန္ဓာရဲ့ဓါတုပစ ည်းဟာ အမျိုးတူတယ်။ ဒါကြောင့် ခန္ဓာဟာမြေပကတိဖြစ်မှာမို့မြေမှာချရမယ်။ မီးသင်္ဂြိုဟ်ရင်လဲ ပြာကတော့မြေနဲ့ဘဲဆိုင်မှာပါ။ ခန္ဓာကတော့ဇာတ်သိမ်းပြီပေါ့။ ဒါပေမဲ့နာမ်ဝိညာဉ်ကဇာတ်သိမ်းလို့မရတော့ဘူး။ ဒါပေမဲ့မြေခန္ဓာမရှိလို့ မြေကမ္ဘာမှာနေခွင့်မရှိတော့ဘူး၊ မြေကမ္ဘာကနေခွါရမှာပေါ့။ သွားရာဒေသကြီးဟာ (၂)နေရာဘဲရှိတယ်။ ထာဝရငရဲဘုံနဲ့ ထာဝရနေအိမ်အမှန်ဖြစ်တဲ့ကောင်းကင်ဘုံဖြစ်တယ်။ အို၊ နာ သေခြင်းမရှိတဲ့အရပ်ပါဘဲ။ အဲဒီနေရာကို ကိုယ့် ရဲ့ကျင့်စဉ်နဲ့သီလက ပို့ပေးလို့မရဘူး၊ ဒါကြောင့်ပို့ပေးမဲ့ပုဂ္ဂိုလ်ရဲ့ကူညီမှုကိုလိုတာပါ။

အသက်ရှင်စဉ်မှာကူညီသူ ကယ်တင်ရှင်ကို ခေါ်ခွင့်ရှိတယ်။ သေရင်တော့ဒီအခွင့်အရေး မရှိတော့ပါဘူး။ လူ့ဘဝ ရတုန်းခဏမှာသွားရမဲ့နေရာမှန်ကိုရွေးချယ်ပြီးခေါ်ဆောင်သွားရမဲ့သူရဲ့ကမ်းလင့်ချက်ကိုလက်ခံလိုက်ရမှာပါ။

## ကယ်တင်ရှင်

ထိုသူကတော့အလင်းမင်းသား၊ အရှင်မေတ ယျ (သို့) အရှင်မေရှိယလို့ခေါ်တဲ့ အရှင်ယေရှုဖြစ်တယ်။ အရှင်ဟာဒုက္ခစရိယျကျင့်စဉ်အကုန် အစဉ်ကိုကျင့်ပြီး ကျွန်ုပ်တို့အတွက်အပါယ်တံခါးကိုပိတ်ပေးလိုက်ပါတယ်။ အဲဒီတပြိုင်နက်ထဲမှာဘဲ ရှေးရှေးယခင်ကမပွင့်သေးတဲ့ ကောင်းကင်ဘုံရဲ့တံခါးကိုလဲ ဖွင့်လိုက်ပါတယ်။

## လူ့တာဝန်

အရှင်ရဲ့လုပ်ဆောင်မှုကို ယုံဖို့နဲ့အကျွန်ုပ်တို့အတွက်လုပ်ဆောင်ပေးတဲ့အရှင့်မေတ ၁ကိုအသိအမှတ်ပြု ဝန်ခံဖို့ကတော့လူ့တာဝန်ဖြစ် တယ်။ "ဒီအရာဟာလွယ်လှတယ်၊ မယုံနဲ့" လို့မာရ်နတ်ဟာလူတွေကိုလှည့်ဖျားတဲ့အကြံပေးနေတယ်။ ခက်ခဲတဲ့ကျင့်စဉ်တွေကို ကျင့်ပါလို့အကြံပေးတယ်။ ဒါပေမဲ့ ဘယ်ကျင့်စဉ်ကမှ အပါယ်တံခါးမပိတ်နိုင်တာကို ဘာသာကြီးလေးခုထဲမှာရှာရင်သိမှာပါ။ နာမ်ဝိညာဉ်ဖြစ်တဲ့ ဘုရားကိုအတွင်းဝိညာဉ် ၁ဏ်နဲ့တွေ့အောင်ရှာရမှာဖြစ်တယ်။

## ဘုရား

သင်ဟာလူဖြစ်လို့ ဘုရားကိုယုံကြည်သူ ဖြစ်မှာသေချာတယ်။ ဘုရားဆိုတာရှိတယ်လို့ သင်သိနေတယ်၊ စကြာဝဠာနဲ့ကမ္ဘာ မိုးမြေ၊ တော တောင်၊ ရေ၊ မြေ အပါအဝင် လူနဲ့တကွတိရိစ္ဆာန်အပေါင်းသတ ဝါအပေါင်းကို ဖန်ဆင်းထားတဲ့ဘုရားတကယ်ရှိတယ်။ သင့်နှုတ်က'ဘုရား၊ ဘုရား'လို့ 'တ'ခြင်းဟာ 'ဘုရား' ကိုသင်က အသိအမှတ်ပြုတာဖြစ်တယ်။ သင့်ရဲ့အတွင်းဝိညာဉ်ကဘုရားကိုအစဉ် 'ဆာ'တယ်၊ 'ရှာ' လိုတယ်။

## ဘုရားနဲ့ဘုရားလူ

သင်ဟာဘုရားပိုင်တဲ့လူဖြစ်တယ်။ မာရ်နတ်ကဒီအရာကိုလဲဖုံးကွယ်ထားတယ်။ ဝိညာဉ်ရှိနေတဲ့ လူမှန်သမျှဟာ ဘုရားနဲ့ဆိုင်တယ်။ ဘုရားကနာမ်ဝိညာဉ်ဖြစ်တယ်၊ မြေခန္ဓာမရှိဘူး၊ လူ့လက်နဲ့လုပ်ယူ ဖန်တီးလို့လဲမရဘူး၊ ဘုရားမှာ သေခြင်းလဲမရှိဘူး၊ နာခြင်း၊ အိုခြင်းလဲမရှိဘူး။

အဲသည်ဘုရားက သင့်ရဲ့ခန္ဓာမြေခပြီးချိန်မှာ သင့်ဝိညာဉ်ကိုပြန်လည်ခေါ်ယူလိုတယ်။ အေးချမ်းသက်သာစွာ ခိုနားစေလိုတယ်။ သည်အရာကိုသိတဲ့မာရ်နတ်က ဘုရားလူတွေဘုရားထံပြန်လို့မရအောင် အယူဝါဒအဖုံဖုံနဲ့သွေးဆောင်တယ်။